**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၆၅ /၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**
**အမည် နှင့် အဓိပ္ပါယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းများကို မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် လုပ်ထုံးလုပ်နည်းများ ( Myanmar Automated Cargo Clearance System Manual ) ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်။ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System – MACCS) ဆိုသည်မှာ ပြည်ပမှတင်သွင်းလာသည့် သို့မဟုတ် ပြည်ပသို့တင်ပို့မည့်ကုန်ပစ္စည်းများအတွက် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အကောက်ခွန်ကြေညာလွှာများတင်သွင်းခြင်း၊ လက်ခံခြင်းနှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ စိစစ်ဆောင်ရွက်ခြင်း၊ အခွန်အခအရပ်ရပ်ကို တွက်ချက်ကောက်ခံခြင်း၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြသည့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များက သက်ဆိုင်ရာ သတင်းအချက်အလက်များကို ပေးပို့ဖလှယ်ခြင်း၊ ရယူသုံးစွဲခြင်းစသည်တို့ကို အီလက်ထရောနစ်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည့်စနစ်ကို ဆိုသည်။

(ခ) မြန်မာအကောက်ခွန် သတင်းအချက်အလက်စနစ် (Myanmar Customs Intelligence System – MCIS) ဆိုသည်မှာ မြန်မာအလိုအလျောက်ကုန်စည်

ရှင်းလင်းရေးစနစ်အား စနစ်တကျမှန်ကန်မြန်ဆန်စွာ လည်ပတ်သုံးစွဲနိုင်ရေး အတွက် သတင်းအချက်အလက်များ ထိန်းသိမ်းပံ့ပိုးပေးနိုင်သည့် အဓိက အထောက်အကူပြုစနစ်ကို ဆိုသည်။

(ဂ) **အကောက်ခွန်ဦးစီးဌာနမှသုံးစွဲသူ** (Customs User) ဆိုသည်မှာ မြန်မာ အလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် နှင့် မြန်မာအကောက်ခွန် သတင်းအချက်အလက်စနစ်အတွင်း ဝင်ရောက်အသုံးပြုမည့် အကောက်ခွန် ဝန်ထမ်းများကို ဆိုသည်။

(ဃ) **ပုဂ္ဂလိကသုံးစွဲသူ** (Private User) ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာနမှအပ အခြားအစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍများမှ သွင်းကုန်၊ ပို့ကုန် လုပ်ငန်းစဉ်များအတွက် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် အား ဝင်ရောက်အသုံးပြုသူ၊ ပူးပေါင်းပါဝင်ဆောင်ရွက်သူများအားလုံးကို ဆို သည်။

(င) **အသုံးပြုသူအဖြစ်မှတ်ပုံတင်ခြင်း** (User Registration) ဆိုသည်မှာ ပုဂ္ဂလိက သုံးစွဲသူများ အသုံးပြုရမည့်ဆော့ဖ်ဝဲ (Private Terminal Software -PTSW) အသုံးပြုသူများက မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အ တွင်း ဝင်ရောက်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အကောက်ခွန်ဦးစီးဌာနတွင် မှတ်ပုံတင်ခြင်းကို ဆိုသည်။

(စ) **အသုံးပြုသူအဆင့်အတန်း** (User Class) ဆိုသည်မှာ မြန်မာအလိုအ လျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို ဝင်ရောက်ဆောင်ရွက်ရာတွင် အသုံး ပြုသူများအတွက် သတ်မှတ်ပေးထားသော လုပ်ပိုင်ခွင့်ကန့်သတ်ချက်အဆင့် အတန်းကို ဆိုသည်။

(ဆ) **အကောက်ခွန်ဝန်ထမ်းများအသုံးပြုရမည့် ဆော့ဖ်ဝဲ (Customs Terminal Software – CTSW)** ဆိုသည်မှာ အကောက်ခွန်ဝန်ထမ်းများမှ မြန်မာအလို အလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သို့ ဝင်ရောက်ချိတ်ဆက်ဆောင် ရွက်နိုင်ရေးအတွက် အသုံးပြုနိုင်ရန် ရေးဆွဲထားသောဆော့ဖ်ဝဲကိုဆို သည်။

/

(ဈ) **ပုဂ္ဂလိကသုံးစွဲသူများအသုံးပြုရမည့် ဆော့ဖ်ဝဲ** (Private Terminal Software - PTSW) ဆိုသည်မှာ အခြားအစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍများမှ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သို့ ဝင်ရောက်ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အသုံးပြုနိုင်ရန် ရေးဆွဲထားသော ဆော့ဖ်ဝဲကို ဆိုသည်။

(ဉ) **အသုံးပြုသူသက်သေခံလက်မှတ်** (Client Certificate) ဆိုသည်မှာ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို ဝင်ရောက်ချိတ်ဆက် အသုံးပြုရာတွင် စနစ်လုံခြုံရေးအတွက် အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ထားသည့် သက်သေခံလက်မှတ်ကို ဆိုသည်။

(ည) **အီလက်ထရောနစ် အချက်အလက် အပြန်အလှန် ပို့ဆောင်သည့်စနစ် (Electronic Data Interchange- EDI)** ဆိုသည်မှာ စံသတ်မှတ်ထားသော ပုံစံဖြင့် ကွန်ပျူတာစနစ်တစ်ခုမှတစ်ခုသို့ သတင်းအချက်အလက်များ အပြန်အလှန် လွှဲပြောင်းပေးပို့နိုင်သည့်စနစ်ကို ဆိုသည်။

(ဋ) **တင်သွင်းသူ** (Importer) ဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်အတွင်းသို့ တင်သွင်းသူ သို့မဟုတ် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားသည့် သွင်းကုန်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သူကို ဆိုသည်။

(ဌ) **တင်ပို့သူ (Exporter)** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့ တင်ပို့သူ သို့မဟုတ် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားသည့် ပို့ကုန်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သူကို ဆိုသည်။

(ဍ) **အကောက်ခွန်ကြေညာလွှာတင်သွင်းခွင့်ရှိသူ** (Declarant) ဆိုသည်မှာ MACCS စနစ်တွင် အကောက်ခွန်ကြေညာလွှာများအား တာဝန်ယူတင်သွင်းခွင့်ရှိသူအဖြစ် အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသူကို ဆိုသည်။

(ဃ) **အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ** (Customs Broker) ဆိုသည်မှာ ကုန်ပစ္စည်းများတင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း၊ ခရီးသည်ဝန်စည်များ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း၊ ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် အသုံးပြု၍ ဝင်ရောက်ခြင်း သို့မဟုတ် ထွက်ခွာခြင်းတို့နှင့်စပ်လျဉ်း၍ အကောက်ခွန်ဆိုင်ရာကိစ္စရပ်များအတွက် ဝန်ဆောင်မှုလုပ်ငန်းအား ဆောင်ရွက်ခွင့်ရှိသူကိုဆိုသည်။

(ဏ) **ပုံမှန်အကောက်ခွန်ကြေညာလွှာ** (Normal Declaration) ဆိုသည်မှာ ကုန်ပစ္စည်းများ သက်ဆိုင်ရာအကောက်ခွန်နယ်မြေ (ဆိပ်ကမ်း၊ ကုန်လှောင်ရုံများ) အတွင်း ရောက်ရှိပြီးဖြစ်ရမည့်အပြင် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် အတွင်းသို့လည်း ကုန်ပစ္စည်းဆိုင်ရာသတင်းအချက်အလက်များ ထည့်သွင်းပြီးမှ တင်သွင်းလာသည့် အကောက်ခွန်ကြေညာလွှာကိုဆိုသည်။

(တ) **ကြိုတင်အကောက်ခွန်ကြေညာလွှာ** (Preliminary Declaration) ဆိုသည်မှာ ကုန်ပစ္စည်းများ သက်ဆိုင်ရာအကောက်ခွန်နယ်မြေအတွင်း မရောက်ရှိမီ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ဖြင့် အကောက်ခွန်ဦးစီးဌာနသို့ ကုန်ပစ္စည်းဆိုင်ရာအချက်အလက်များ ကြိုတင်ကြေညာထားနိုင်သည့် အကောက်ခွန်ကြေညာလွှာကို ဆိုသည်။

(ထ) **အတည်ပြုကြေညာလွှာ** (Formal Declaration) ဆိုသည်မှာ ကြိုတင်အကောက်ခွန်ကြေညာလွှာ (Preliminary Declaration) တင်သွင်းပြီးနောက် ကုန်ပစ္စည်းများ သက်ဆိုင်ရာအကောက်ခွန်နယ်မြေအတွင်း ရောက်ရှိသည့်အချိန်တွင် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်မှ အလိုအလျောက်သော်လည်းကောင်း၊ ကြေညာလွှာတင်သွင်းသူမှလည်းကောင်း အတည်ပြုချိန်တွင် ပြောင်းလဲသွားသည့် အကောက်ခွန်ကြေညာလွှာကို ဆိုသည်။

(ဒ) **သွင်းကုန်ကြေညာလွှာတင်သွင်းခြင်း** ဆိုသည်မှာ ပြည်ပမှ တင်သွင်းလာသော ကုန်ပစ္စည်းများအား အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းထုတ်ယူနိုင်ရေးအတွက် ကုန်တင်သွင်းသူ သို့မဟုတ် ယင်း၏

ကိုယ်စားလှယ်က အကောက်ခွန်ဦးစီးဌာန၏ မြန်မာအလိုအလျောက်ကုန်စည် ရှင်းလင်းရေးစနစ်သို့ သွင်းကုန်ကြေညာလွှာ(Import Declaration) တင်သွင်း ခြင်းလုပ်ငန်းစဉ်ကို ဆိုသည်။

(ဓ) **ထုတ်ကုန်ကြေညာလွှာတင်သွင်းခြင်း** ဆိုသည်မှာ ပြည်ပသို့တင်ပို့မည့် ကုန်ပစ္စည်းများအား အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းတင်ပို့နိုင်ရေးအတွက် ကုန်တင်ပို့သူ သို့မဟုတ် ယင်း၏ ကိုယ်စား လှယ်က အကောက်ခွန်ဦးစီးဌာန၏ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်း ရေးစနစ်သို့ ထုတ်ကုန်ကြေညာလွှာ (Export Declaration) တင်သွင်းခြင်း လုပ်ငန်းစဉ်ကို ဆိုသည်။

(န) **ဖြတ်သန်းကုန်စည်ကြေညာလွှာတင်သွင်းခြင်း** ဆိုသည်မှာ ပြည်ပမှ တင်သွင်း လာပြီး မိမိနိုင်ငံ၏ နယ်နိမိတ်ဧရိယာအတွင်း ဖြတ်သန်း၍ အခြားပြည်ပနိုင်ငံ တစ်ခုခုသို့ တင်ပို့မည့် ဖြတ်သန်းကုန်စည်များကို အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန် ဦးစီးဌာန၏ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သို့ ဖြတ်သန်း ကုန်စည်ကြေညာလွှာ (Transit Declaration) တင်သွင်းခြင်း လုပ်ငန်းစဉ်ကို ဆိုသည်။

(ပ) **သွင်းကုန်ဆိုင်ရာအကောက်ခွန်စစ်ဆေးမှုပြီးစီးကြောင်း သက်သေခံလက်မှတ် (Release Order)** ဆိုသည်မှာ သွင်းကုန်ကြေညာလွှာတင်သွင်းပြီးနောက် အကောက်ခွန်စစ်ဆေးမှုလုပ်ငန်းစဉ်များ ပြီးစီးသည့်အခါ သက်ဆိုင်ရာ ဆိပ်ကမ်း၊ ကုန်လှောင်ရုံများမှ ကုန်ပစ္စည်းထုတ်ယူနိုင်ရန် မြန်မာအလို အလျောက်ကုန်စည်ရှင်းလင်းရေးစနစ်မှ ထုတ်ပေးသည့် သက်သေခံလက်မှတ် ကို ဆိုသည်။

(ဖ) **ထုတ်ကုန်ဆိုင်ရာအကောက်ခွန်စစ်ဆေးမှုပြီးစီးကြောင်း သက်သေခံလက်မှတ် (Allowed Shipment)** ဆိုသည်မှာ ထုတ်ကုန်ကြေညာလွှာတင်သွင်းပြီး နောက် အကောက်ခွန်စစ်ဆေးမှုလုပ်ငန်းစဉ်များ ပြီးစီးသည့်အခါ ကုန်ပစ္စည်းများကို သက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးယာဉ်ပေါ်သို့ တင်ဆောင်နိုင်ရန် မြန်မာ အလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်မှ ထုတ်ပေးသည့် သက်သေခံ လက်မှတ်ကို ဆိုသည်။

(ဗ) **အကောက်ခွန်ထိန်းချုပ်မှုဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်သည့်လုပ်ငန်းစဉ် (Bonded Transportation)** ဆိုသည်မှာ တင်သွင်း သို့မဟုတ် တင်ပို့သော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကောက်ခွန်ဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများ မပြီးပြတ်သေးသည့်အချိန်တွင် အကောက်ခွန်နယ်မြေ တစ်ခုမှ တစ်ခုသို့ သယ်ယူပို့ဆောင်သည့် လုပ်ငန်းစဉ်ကို ဆိုသည်။

(ဘ) **စံသတ်မှတ်ချက် (Selectivity Criteria)** ဆိုသည်မှာ စနစ်အတွင်း ထည့်သွင်းထားသည့် တင်သွင်းသူ သို့မဟုတ် တင်ပို့သူများ၊ ကြေညာလွှာတင်သွင်းသူများ၊ ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများအပေါ် မူတည်၍ရေးဆွဲပြီး မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အတွင်း ထည့်သွင်းထားသော စံသတ်မှတ်ချက်များကို ဆိုသည်။

(မ) **အပ်ငွေစာရင်း (Deposit Account)** ဆိုသည်မှာ တင်သွင်းသူ၊ တင်ပို့သူ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူတို့က အခွန်ငွေများပေးဆောင်နိုင်ရန် အကောက်ခွန်ဦးစီးဌာနတွင် ကြိုတင်စာရင်း ဖွင့်လှစ်အပ်နှံထားသော ငွေစာရင်းကို ဆိုသည်။

(ယ) **သတင်းအချက်အလက်ဇယား (Master Table)** ဆိုသည်မှာ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့ကို မှန်ကန်စွာသုံးစွဲနိုင်ရေးအတွက် လိုအပ်သောသတင်းအချက်အလက်များအား အမြဲတမ်းမှန်ကန်၍ ရှေ့နောက်ညီညွတ်နေစေရန်နှင့် ကွန်ပျူတာက နားလည်သဘောပေါက်စေနိုင်သည့် နည်းပညာဖြင့် ရေးဆွဲထားသောဇယားကို ဆိုသည်။

(ရ) **သတင်းအချက်အလက်များနေရာတကျ ထည့်သွင်းခြင်း (Setting)** ဆိုသည်မှာ သတင်းအချက်အလက်များကို မြန်မာအလိုအလျောက်ကုန်စည် ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့အတွင်း နေရာတကျ သတ်မှတ်ထည့်သွင်းခြင်းကို ဆိုသည်။

(လ) **သတင်းအချက်အလက်များသိုလှောင်ရာဗဟိုဌာန (Data Center)** ဆိုသည် မှာ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်

သတင်းအချက်အလက်စနစ်တို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား သိုလှောင်ခြင်း၊ ဖြန့်ဝေသုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည့်အပြင် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် အတွက် အသုံးပြုထားသော အဓိကအချက်အလက်များ သိုလှောင်သိမ်းဆည်းရာနေရာ (Main Server) နှင့် ဆက်စပ်ပစ္စည်းများအား စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များဖြစ်သည့်လုံခြုံမှု၊ အရန်လျှပ်စစ်စွမ်းအင်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအစီအမံ စသည်ဖြင့် ပြည့်စုံစွာဖြည့်ဆည်းလျက် ဖွဲ့စည်းဆောင်ရွက်ထားသောနေရာကို ဆိုသည်။

(ဍ) **အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း** (Weekly Exchange Rate) ဆိုသည်မှာ တင်သွင်းသူ သို့မဟုတ် တင်ပို့သူများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နေ့စဉ်ငွေလဲလှယ်နှုန်းပေါ်တွင် အခြေခံ၍ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်၏စွမ်းအားကို အပြည့်အဝသုံးစွဲနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနမှ အပတ်စဉ် ထုတ်ပြန်ကြေညာပေးသည့်ငွေလဲလှယ်နှုန်းကို ဆိုသည်။

(ဎ) **လုပ်ငန်းလက်ခံဆောင်ရွက်သူ** (Vendor) ဆိုသည်မှာ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့ကို စနစ်တကျလည်ပတ်နိုင်ရေးနှင့် ရေရှည်တည်တံ့စေရေးအတွက် အကောက်ခွန်ဦးစီးဌာနမှ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်၊ ငှားရမ်း တာဝန်ပေးအပ်ခံရသူကို ဆိုသည်။

# အခန်း(၂)

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

### ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲ၏ တာဝန်ဝတ္တရားများ

၃။ ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့ကို စနစ်တကျ ပုံမှန်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော အုပ်ချုပ်မှုနှင့် နည်းပညာပိုင်းဆိုင်ရာကိစ္စများအားလုံး ဆောင်ရွက်ခြင်း၊

(ခ) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့ကို စောင့်ကြည့်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ယင်းစနစ်တို့နှင့် ချိတ်ဆက်အသုံးပြုရန် သင့်လျော်မည့်ဆော့ဖ်ဝဲများအား လေ့လာတင်ပြခြင်းနှင့် ခွင့်ပြုချက်ရရှိပါက အသုံးပြုနိုင်ရေးဆောင်ရွက်ခြင်း၊

(ဂ) အသုံးပြုသူအမည်ထုတ်ပေးခြင်း၊ အသုံးပြုသူအသီးသီးကို နည်းပညာပိုင်းဆိုင်ရာသင်တန်းများပေးခြင်း၊ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို အသုံးပြုစဉ် ပေါ်ပေါက်လာသည့်အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခြင်း၊

(ဃ) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့အတွက် လိုအပ်သော ဆက်စပ်ကွန်ပျူတာပစ္စည်းများ ဝယ်ယူခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ လဲလှယ်တပ်ဆင်ခြင်း၊

(င) လုပ်ငန်းလက်ခံဆောင်ရွက်သူများနှင့် စာချုပ်ချုပ်ဆိုခြင်း၊ စောင့်ကြည့်ခြင်း၊ ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(စ) လိုအပ်သောနည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များအတွက် ပညာရှင်၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဆ) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ပိုင်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်၍ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေး

စနစ် တိုးတက်ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့အား ပြင်ပမှ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခြင်းနှင့် အတွင်းပိုင်းရှိ ပရိုဂရမ် (Program) ထဲသို့ တရားမဝင် ဝင်ရောက်ပြင်ဆင်တိုက်ခိုက်ခြင်းတို့အား ကာကွယ်တားဆီးနိုင်ရန်အတွက် လုံခြုံစိတ်ချရသောအစီအစဉ်များကို စနစ်တကျ ဆောင်ရွက်ခြင်း။

**ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့်ထိန်းချုပ်ရေးဌာနခွဲ၏လုပ်ပိုင်ခွင့်များ**

၄။ ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့်ထိန်းချုပ်ရေးဌာနခွဲ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့ကို စနစ်တကျကျင့်သုံးနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောက်ခွန်ဦးစီးဌာနတွင်း၌ သော်လည်းကောင်း၊ ပြင်ပမိတ်ဖက်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် သော်လည်းကောင်း တိုင်ပင်ညှိနှိုင်းမှုများ၊ ပေါင်းစပ်ဆောင်ရွက်မှုများ၊ စီမံခန့်ခွဲမှုများအား လိုအပ်သလို ဆောင်ရွက်နိုင်ခြင်း၊

(ခ) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့အတွက် လိုအပ်သော အောက်ဖော်ပြပါ သတင်းအချက်အလက် စုဆောင်းမှုများ၊ ထိန်းသိမ်းမှုများ၊ စီမံခန့်ခွဲမှုများကို ဆောင်ရွက်ခြင်း -

(၁) သွင်းကုန် သို့မဟုတ် ပို့ကုန်လုပ်ငန်းရှင်များနှင့် ယင်းတို့၏ လုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ ဥပဒေလေးစားလိုက်နာမှု၊ ချိုးဖောက်မှု၊

(၂) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများနှင့် ယင်းတို့၏ လုပ်ငန်း၊ လုပ်ငန်းဆောင်ရွက်မှုများ၊ ဥပဒေလေးစားလိုက်နာမှု၊ ချိုးဖောက်မှု၊

(၃) အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုလုပ်ငန်းစဉ်တွင် ဆက်စပ်ပါဝင်နေကြသော ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေကြသည့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများအကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု၊ ဥပဒေလေးစားလိုက်နာမှု၊ ချိုးဖောက်မှု၊

(၄) အခြားဌာနအဖွဲ့အစည်းများမှ ပေးပို့လာသော မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် အသုံးပြုသူများနှင့် သက်ဆိုင်သည့် (ဥပဒေလေးစားလိုက်နာမှု၊ ချိုးဖောက်မှုမှတ်တမ်းများ အပါအဝင်) သတင်းအချက်အလက်များ၊

(၅) တင်သွင်း သို့မဟုတ် တင်ပို့နိုင်ငံ၊ နေရာ၊ သယ်ယူပို့ဆောင်မှု နည်းလမ်း၊ ကုန်ပစ္စည်းအမျိုးအစားတို့နှင့် သက်ဆိုင်သော ထူးခြားသည့် သတင်းအချက်အလက်များ။

(ဂ) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့အတွက် လိုအပ်သော သတင်းအချက်အလက်များကို အောက်ပါနည်းလမ်းများဖြင့်ရယူခြင်း -

(၁) မိမိဌာနခွဲအစီအစဉ်ဖြင့် ရယူစုဆောင်းခြင်း၊

(၂) အခြားဌာနခွဲများထံမှ ရယူစုဆောင်းခြင်း၊

(၃) အခြားသောမိတ်ဖက်ဌာနဆိုင်ရာ၊ အဖွဲ့အစည်းများထံမှ ရယူစုဆောင်းခြင်း၊

(၄) ကိုယ်ပိုင်သတင်းပေးမွေးမြူ၍ ရယူစုဆောင်းခြင်း၊

(၅) ပြည်တွင်းပြည်ပသတင်း၊ မီဒီယာများ၊ အင်တာနက်သတင်းအချက်အလက် များ၏ သတင်းထုတ်ပြန်ချက်များမှ ရယူစုဆောင်းခြင်း၊

(၆) သတင်းဝန်ဆောင်မှု လုပ်ငန်းများထံမှ အခကြေးငွေဖြင့် ဝယ်ယူစုဆောင်းခြင်း။

(ဃ) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့၏ စံသတ်မှတ်ချက်များကို အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ရေးဆွဲမှုများ ပြုလုပ်ခြင်း၊

(င) တည်ဆဲအကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ ကိုင်တွယ်ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်ဇယားများ ရေးဆွဲခြင်း၊ ပြင်ဆင်ရေးဆွဲခြင်း၊ နေရာတကျထည့်သွင်းခြင်းနှင့် ပြင်ဆင်ခြင်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းဆောင်ရွက်ကြမည့် အသုံးပြုသူ အမျိုးအစားများအား စနစ်တကျ ခွဲခြားသတ်မှတ်၍ မှတ်ပုံတင်ခြင်း၊ အသုံးပြုသူအမျိုးအစားအလိုက် လုပ်ပိုင်

ခွင့်များ၊ စည်းကမ်းချက်များသတ်မှတ်ပေးခြင်း၊ လုပ်ငန်းလိုအပ်ချက်နှင့်အညီ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း။

**သတင်းအချက်အလက်များ သိုလှောင်ရာဗဟိုဌာန ( Data Center ) ထူထောင်ခြင်း၊ ငှားရမ်းခြင်း**

၅။ အကောက်ခွန်ဦးစီးဌာနသည် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့၏ အဓိကအချက်အလက်များ သိုလှောင်သိမ်းဆည်းရာနေရာ (Main Server) များအား လုံခြုံစိတ်ချစွာထားရှိနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ သတင်းအချက်အလက်များ သိုလှောင်ရာဗဟိုဌာနကို ကိုယ်ပိုင်တည်ဆောက်ခြင်း သို့မဟုတ် ငှားရမ်းခြင်းကို စီစဉ်ဆောင်ရွက်ရမည်။

**ဆော့ဖ်ဝဲ(software) များ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း**

၆။ အကောက်ခွန်ဦးစီးဌာနသည် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့၏ ဆော့ဖ်ဝဲရေးဆွဲမှုနှင့် ကွန်ရက်ချိတ်ဆက်သုံးစွဲမှုများကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အကောက်ခွန်ဝန်ထမ်းများ အသုံးပြုမည့်ဆော့ဖ်ဝဲနှင့် ပုဂ္ဂလိကသုံးစွဲသူများ အသုံးပြုမည့်ဆော့ဖ်ဝဲများအတွက် လိုအပ်သော ပြင်ဆင်ထိန်းသိမ်းမှုများကို အခါအားလျော်စွာ ဆောင်ရွက်ခြင်း၊

(ခ) အသုံးပြုသူမှတ်ပုံတင်ခြင်း၊ အသုံးပြုသူသက်သေခံလက်မှတ်များ (Client Certificate) ကို အီလက်ထရောနစ်သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသူထံမှ ဝယ်ယူသုံးစွဲနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အသုံးပြုသူများ၏ ကွန်ပျူတာများအတွက် သတ်မှတ်ချက် (Specification) များ ထုတ်ပြန်ခြင်းတို့ကို လိုအပ်ချက်များနှင့်အညီ စီမံဆောင်ရွက်ခြင်း။

**မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့ကို ပြုပြင်ထိန်းသိမ်းနိုင်ရန် လုပ်ငန်းလက်ခံဆောင်ရွက်သူ (System Maintenance Vendor ) များ ရွေးချယ်တာဝန်ပေးအပ်ခြင်း**

၇။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့ကို တစ်နှစ်ပတ်လုံးရပ်တန့်မှုမရှိစေဘဲ စနစ်တကျ မှန်ကန်စွာလည်ပတ်နိုင်ရေးနှင့် နည်းလမ်းတကျ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားနိုင်ရေးတို့အတွက် အောက်ဖော်ပြပါလုပ်ငန်းလက်ခံဆောင်ရွက်သူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်။ ထိုသို့ ရွေးချယ်တာဝန်ပေးအပ်နိုင်ရေးအတွက် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ဌာနဆိုင်ရာအသုံးစရိတ်ရန်ပုံငွေတွင် ကြိုတင်တွက်ချက်၍ လျာထားတောင်းခံရမည် -

(က) ဆော့ဖ်ဝဲပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းလက်ခံဆောင်ရွက်သူ (Software Maintenance Vendor)၊

(ခ) ဟတ်ဒ်ဝဲပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းလက်ခံဆောင်ရွက်သူ (Hardware Maintenance Vendor)၊

(ဂ) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် ပုံမှန်လည်ပတ်ရေးနှင့် စောင့်ကြည့်ထိန်းသိမ်းရေး လုပ်ငန်းလက်ခံဆောင်ရွက်သူ (Operation & System Monitoring Vendor)၊

(ဃ) ကွန်ရက်ချိတ်ဆက်မှုနှင့် သက်ဆိုင်သော ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းလက်ခံဆောင်ရွက်သူ (LAN, WAN Maintenance Vendor (Network))၊

(င) ဝက်ဘ်ဆိုက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း လက်ခံဆောင်ရွက်သူ (Website Maintenance Vendor)၊

(စ) အသုံးပြုသူများ၏အခက်အခဲအား လက်ခံဖြေရှင်းပေးသည့်ဌာနစိတ်အတွက် သီးခြားရေးဆွဲအသုံးပြုနေသော ဆော့ဖ်ဝဲ၊ ဟတ်ဒ်ဝဲများ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းလက်ခံဆောင်ရွက်သူ (Help Desk Maintenance Vendor)၊

(ဆ) လုပ်ငန်းလိုအပ်ချက်အရ ထပ်မံဖြည့်စွက် တာဝန်ပေးအပ်ရန် လိုအပ်လာမည့် လုပ်ငန်းလက်ခံဆောင်ရွက်သူ (Other Vendors)။

**မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ (Whole System Management Team) ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၈။ အကောက်ခွန်ဦးစီးဌာနသည် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့ကို စဉ်ဆက်မပြတ်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်လာသောအခက်အခဲများ၊ ရပ်တန့်မှုများတွင် အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ ပြင်ဆင်ထိန်းသိမ်းမှုနှင့် စောင့်ကြည့်ထိန်းချုပ်ခြင်းများအတွက် ဌာနရမ်းထားသည့် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း လက်ခံဆောင်ရွက်သူများအား ကြီးကြပ်ကွပ်ကဲရန်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ အခြားသောမိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များအား လိုအပ်သလိုဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

**အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) သတ်မှတ်နိုင်ခြင်း**

၉။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို စွမ်းအားပြည့်အသုံးပြုနိုင်ရေးနှင့် ကျသင့်သောအခွန်အခအရပ်ရပ် တွက်ချက်ကောက်ခံနိုင်ရေးတို့အတွက် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်းကို သတ်မှတ်ရမည်။ ထိုသို့သတ်မှတ်ရာတွင် အသုံးပြုမည့်အပတ်စဉ် မတိုင်မီ တစ်ပတ်ကျော်တွင် ဖြစ်ပေါ်ခဲ့သည့် ဗဟိုဘဏ်မှသတ်မှတ်ထားသော တရားဝင်နေ့စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (တနင်္လာနေ့မှ သောကြာနေ့အထိ) ငါးရက်စာကို စုစည်းရယူပြီး ယင်းစာရင်းများအပေါ်တွင် အခြေခံ၍ ပျမ်းမျှတန်ဖိုးကို တွက်ချက်သတ်မှတ်ရမည်။ အပတ်စဉ် နိုင်ငံခြားငွေလဲလှယ်နှုန်းတစ်ရပ်အတွက် အကျုံးဝင်သည့် သက်တမ်းကာလသည် အပတ်စဉ် တနင်္ဂနွေနေ့ နံနက် ( ၀၀:၀၀:၀၁ ) အချိန်မှစတင်၍ စနေနေ့ ည ( ၂၄:၀၀:၀၀ ) အချိန်အထိ ဖြစ်သည်။

## အခန်း(၃)

## မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ဖြင့် လက်ခံဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများ

**အကောက်ခွန်ကြေညာလွှာ၊ လျှောက်လွှာများတင်သွင်းခြင်း**

၁၀။ ကြေညာလွှာတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်နိုင်သည်-

(က) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သည် -

(၁) သွင်းကုန်ကြေညာလွှာနှင့် ထုတ်ကုန်ကြေညာလွှာများကို အီလက်ထရောနစ်နည်းလမ်းဖြင့် တင်သွင်းခြင်းကို လက်ခံဆောင်ရွက်နိုင်သည်။

(၂) ယင်းကြေညာလွှာများနှင့်အတူ ပူးတွဲတင်သွင်းရမည့် အထောက်အထားစာရွက်စာတမ်းများကိုလည်း အီလက်ထရောနစ်နည်းလမ်းဖြင့် ပူးတွဲ တင်သွင်းခြင်းကို လက်ခံဆောင်ရွက်နိုင်သည်။

(ခ) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်မှတစ်ဆင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်( Website ) http://www.myanmartradenet.com.mm သို့ ဝင်ရောက်၍ သွင်းကုန် ၊ ထုတ်ကုန်ခွင့်ပြုချက်များ လျှောက်ထားရယူခြင်းကို လက်ခံဆောင်ရွက်နိုင်သည်။ ထို့အပြင် ပြည်ပမှတင်သွင်းလာသော အစားအသောက်နှင့်ဆေးဝါးများ၊ အများပြည်သူစားသုံးရန် သင့်၊ မသင့် ဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ တိရိစ္ဆာန် ၊ အသား၊ ငါးနှင့် အပင်ရောဂါပိုးမွှားများကင်းစင်ခြင်း ရှိ၊ မရှိ ဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လျှောက်လွှာတင်သွင်းခြင်း၊ ဓါတ်ခွဲစမ်းသပ်စစ်ဆေးပြီးပါက အတည်ပြုချက်ပေးခြင်းတို့ကို လွယ်ကူလျင်မြန်စွာ လက်ခံဆောင်ရွက်ပေးနိုင်သည်။

(ဂ) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို အသုံးပြု၍ ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းတို့မှ တင်သွင်းလာသော ကုန်ပစ္စည်းဆိုင်ရာသတင်းအချက်အလက် (Manifest Information) ကို အကောက်ခွန်နှင့်သက်ဆိုင်ရာဌာနများသို့ တင်သွင်းခြင်း၊ ဆိပ်ကမ်း၊ ကုန်လှောင်ရုံ အသီးသီးမှ ကုန်စည်များ ရောက်ရှိ ထွက်ခွာမှုဆိုင်ရာ သတင်းအချက်အလက်များကို

ထည့်သွင်းပေးခြင်း၊ အဆိုပါ သတင်းအချက်အလက်များကို အသုံးပြုသူ အသီးသီးက ပြန်လည်မှီငြမ်းသုံးစွဲခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည်။

**မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်မှ ဆောင်ရွက်ပေးနိုင်သော ကြေညာလွှာတင်သွင်းခြင်း အမျိုးအစားများ**

၁၁။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်မှ ဆောင်ရွက်ပေးနိုင်သော ကြေညာလွှာတင်သွင်းခြင်း အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) သွင်းကုန်ကြေညာလွှာတင်သွင်းခြင်း (ရေကြောင်း - ကုန်သေတ္တာကုန်စည်)
Import Declaration (Sea Container Cargo)၊

(ခ) သွင်းကုန်ကြေညာလွှာတင်သွင်းခြင်း (ရေကြောင်းစုပေါင်းကုန်သေတ္တာကုန်စည်)
Import Declaration (Sea Consolidated Cargo)၊

(ဂ) သွင်းကုန်ကြေညာလွှာတင်သွင်းခြင်း (ရေကြောင်း- ဝမ်းပုံကုန်စည်)
Import Declaration (Sea In - bulk Cargo)၊

(ဃ) သွင်းကုန်ကြေညာလွှာတင်သွင်းခြင်း (လေကြောင်းကုန်စည်)
Import Declaration (Air Normal Cargo)၊

(င) သွင်းကုန်ကြေညာလွှာတင်သွင်းခြင်း (လေကြောင်းစုပေါင်းကုန်စည်)
Import Declaration (Air Consolidated Cargo)၊

(စ) သွင်းကုန်ကြေညာလွှာတင်သွင်းခြင်း သို့မဟုတ် ထုတ်ကုန်ကြေညာလွှာတင်သွင်းခြင်း (ကြိုတင်အကောက်ခွန် ကြေညာလွှာ)
Import or Export Declaration (Preliminary Declaration)၊

(ဆ) သွင်းကုန်ကြေညာလွှာတင်သွင်းခြင်း၊ ထုတ်ကုန်ကြေညာလွှာတင်သွင်းခြင်း၊ ဖြတ်သန်းကုန်စည်ကြေညာလွှာတင်သွင်းခြင်း (ပုံမှန်ကြေညာလွှာ)
Import, Export, Transit. Declaration (Normal Declaration)၊

(ဇ) ပြင်ဆင်ကြေညာလွှာတင်သွင်းခြင်း (သွင်းကုန်၊ထုတ်ကုန်၊ဖြတ်သန်းကုန်)

Amended Declaration (Import, Export, Transit)

(ဈ) သွင်းကုန်၊ ထုတ်ကုန်၊ ဖြတ်သန်းကုန် ပြတင်းတစ်ပေါက်စနစ် (သွင်းကုန်ထုတ်ကုန်ခွင့်ပြုချက်အသုံးပြုခြင်းနှင့် ခွင့်ပြုချက်ပါလက်ကျန်) Import, Export, Transit. Single Window (Usage of License & License Balance)၊

(ည) သွင်းကုန်ပြတင်းတစ်ပေါက်စနစ် (ကြေညာလွှာတင်သွင်းပြီးနောက်မှ အခြားဌာနသို့ ဓါတ်ခွဲစမ်းသပ်စစ်ဆေးရန် လျှောက်ထားခြင်း) Import Single Window (OGA TEST after Declaration)၊

(ဋ) သွင်းကုန်ပြတင်းတစ်ပေါက်စနစ် (ကြေညာလွှာမတင်သွင်းမီ အခြားဌာနသို့ ဓါတ်ခွဲစမ်းသပ်စစ်ဆေးရန်လျှောက်ထားခြင်း) Import Single Window (OGA TEST before Declaration)၊

(ဌ) သွင်းကုန်ပြတင်းတစ်ပေါက်စနစ် (သွင်းကုန်ဆိုင်ရာ အကောက်ခွန်စစ်ဆေးမှု ပြီးစီးကြောင်း သက်သေခံလက်မှတ်ရရှိပြီးနောက်မှ အခြားဌာနသို့ ဓါတ်ခွဲစမ်းသပ်စစ်ဆေးရန် လျှောက်ထားခြင်း) Import Single Window (OGA TEST after Release Order)၊

(ဍ) အကောက်ခွန်ထိန်းချုပ်မှုဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်သည့် လုပ်ငန်းစဉ် (Bonded Transportation)၊

(ဎ) ကုန်ပစ္စည်းထုတ်ယူခွင့် (Released Order) သို့မဟုတ် ကုန်ပစ္စည်းတင်ပို့ခွင့် (Allowed Shipment) ရရှိပြီး အကောက်ခွန်ထိန်းချုပ်မှုဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်သည့်လုပ်ငန်းစဉ်(Released Order with Bonded Transportation or With Bonded Transportation)၊

(ဏ) ဖြတ်သန်းကုန်စည်ကြေညာလွှာ (Transit Declaration)၊

(တ) အခွန်ကင်းလွတ်ခွင့်ရ အနည်းဆုံးတန်ဖိုးသတ်မှတ်ချက်ပစ္စည်းများအတွက် သွင်းကုန်၊ ထုတ်ကုန်ကြေညာလွှာတင်သွင်းခြင်း (Tax Exempted Small Amount Clearance Declaration)။

**ကုန်ပစ္စည်းရှင်းလင်းရေးပုံစံ (Cargo Clearance Model)**

၁၂။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သည် အောက်ဖော်ပြပါကုန်ပစ္စည်းရှင်းလင်းရေးပုံစံ (Cargo Clearance Model) များကို ဆောင်ရွက်နိုင်သည် -

(က) သွင်းကုန်ရှင်းလင်းရေး (လေကြောင်း) (Import Air)၊

(ခ) သွင်းကုန်ရှင်းလင်းရေး (ရေကြောင်း၊ ကုန်းကြောင်း) (Import Sea & Land)၊

(ဂ) ထုတ်ကုန်ရှင်းလင်းရေး (Export)၊

(ဃ) ဖြတ်သန်းကုန်စည်ရှင်းလင်းရေး (Transit)၊

(င) ကုန်လှောင်ရုံသွင်းခြင်း (Warehousing)၊

(စ) ယာယီတင်သွင်းခြင်း (Temporary Admission)၊

(ဆ) အကောက်ခွန်ထိန်းချုပ်မှုဖြင့် ကုန်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူခြင်း (Bonded Movement of Goods)၊

(ဇ) လွှဲပြောင်းတင်ဆောင်ခြင်း (Transhipment)။

**သတင်းအချက်အလက်များကို အလိုအလျောက် စိစစ်ပေးနိုင်ခြင်း**

၁၃။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သည် တင်သွင်းလာသော အကောက်ခွန်ကြေညာလွှာပါ အရေးကြီးသောသတင်းအချက်အလက်များကို ကြိုတင်ရရှိထားပြီးဖြစ်သည့် သတင်းအချက်အလက်များနှင့်တိုက်ဆိုင်၍ အလိုအလျောက်စိစစ်ပေးခြင်းကို ဆောင်ရွက်ပေးနိုင်သည်။

**ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate of Origin – CO) အပြန်အလှန် လက်ခံပေးပို့နိုင်ခြင်း**

၁၄။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို အသုံးပြု၍ မိတ်ဖက်နိုင်ငံများနှင့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate of Origin – CO) အပြန်အလှန်လက်ခံပေးပို့ခြင်းကို ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အဆိုပါလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်မည့်နိုင်ငံနှင့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်ပေးပို့ဖလှယ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များအသေးစိတ်ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီချက် (Memorandum of Understanding – MoU) ရေးထိုးခြင်းတို့ ဆောင်ရွက်ပြီးစီးမှသာလျှင် လုပ်ငန်းများဆောင်ရွက်ရမည်။

**အထောက်အထားများ ပူးတွဲတင်သွင်းနိုင်ခြင်း**

၁၅။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းသူသည် အကောက်ခွန်ကြေညာလွှာနှင့်အတူ ပူးတွဲတင်သွင်းရမည့် အခြားစာရွက်စာတမ်းများကို မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်မှ သတ်မှတ်ထားသော အီလက်ထရောနစ်ဖိုင်အမျိုးအစားဖြင့် ပူးတွဲတင်သွင်းနိုင်သည်။

**လျှောက်လွှာတင်သွင်းခြင်း၊ စာရွက်စာတမ်းများ ပေးပို့လက်ခံခြင်း**

၁၆။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုချက်ရယူထားရန် လိုအပ်သည့်ကိစ္စရပ်များ (ဥပမာ- အထူးအမိန့်၊ ယာယီတင်သွင်း / တင်ပို့ခြင်း၊ ကုန်ပစ္စည်းတိုက်ရိုက်ထုတ်ယူခွင့်လျှောက်ထားခြင်း) အတွက် လျှောက်လွှာတင်သွင်းခြင်း၊ အရေးပေါ်စာရွက်စာတမ်း အထောက်အထားများပေးပို့ခြင်း၊ လက်ခံခြင်းတို့ကို ဆောင်ရွက်ရမည်။

**သတင်းအချက်အလက်များအား ထိန်းသိမ်းထားနိုင်ခြင်း**

၁၇။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့သည် ယင်းတို့၏ သတင်းအချက်အလက်မှတ်တမ်း ( Database ) အတွင်းရှိ အကောက်ခွန်ဆိုင်ရာသတင်းအချက်အလက်များအား ခုနစ်နှစ် အထိလည်းကောင်း၊ အခြားအစိုးရဌာနအဖွဲ့အစည်းများမှ ပေးပို့ထားသော ဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ ပြန်ကြားချက်များကို သုံးနှစ် အထိလည်းကောင်း လက်ခံထိန်းသိမ်းထားနိုင်သည်။

**ပုံမှန်အကောက်ခွန်ကြေညာလွှာတင်သွင်းခြင်း**

၁၈။ ကုန်ပစ္စည်းများ သက်ဆိုင်ရာအကောက်ခွန်နယ်မြေများအတွင်းသို့ ရောက်ရှိပြီး ကုန်ပစ္စည်းဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ခံများက ထည့်သွင်းပြီးမှသာ ပုံမှန်အကောက်ခွန်ကြေညာလွှာလုပ်ငန်းစဉ်ကိုသာ ဆောင်ရွက်ရမည်။

**ဖြတ်သန်းကုန်စည်ကြေညာလွှာတင်သွင်းခြင်း**

၁၉။ မြန်မာနိုင်ငံ၏နယ်နိမိတ်ဧရိယာအတွင်း ဖြတ်သန်းတင်ပို့မည့် ကုန်စည်များနှင့် ပတ်သက်၍ ဖြတ်သန်းကုန်စည်ကြေညာလွှာတင်သွင်းခြင်းလုပ်ငန်းစဉ်ကို သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင် (သို့မဟုတ်) ယင်းမှ အခွင့်အာဏာ လွှဲအပ်ထားသော အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူက ဆောင်ရွက်နိုင်သည်။

**ကြိုတင်အကောက်ခွန်ကြေညာလွှာတင်သွင်းခြင်း**

၂၀။ ကြေညာလွှာတင်သွင်းသူသည် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို အသုံးပြု၍ ကုန်ပစ္စည်းမရောက်မီ ကြိုတင်အကောက်ခွန်ကြေညာလွှာတင်သွင်းခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်သည်။ ကုန်ပစ္စည်းများ သက်ဆိုင်ရာအကောက်ခွန်နယ်မြေများ အတွင်းသို့ရောက်ရှိပြီး၊ ကုန်ပစ္စည်းဆိုင်ရာ သတင်းအချက်အလက်များ ထည့်သွင်းပြီးချိန်တွင် အတည်ပြုကြေညာလွှာတင်သွင်းခြင်း လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်နိုင်သည်။

**အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း ( Weekly Exchange Rate ) ကို အသုံးပြု၍ လုပ်ငန်းများ လွယ်ကူလျင်မြန်စေခြင်း**

၂၁။ အသုံးပြုသူသည် ကြိုတင်အကောက်ခွန်ကြေညာလွှာတင်သွင်းခြင်းလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေရန် အကောက်ခွန်ဦးစီးဌာနက သတ်မှတ်ထုတ်ပြန်ပေးသော အပတ်စဉ် နိုင်ငံခြားငွေလဲလှယ်နှုန်းကို အသုံးပြု၍ လုပ်ငန်းများလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်သည်။

**ကုန်ပစ္စည်းများအား အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်ပြီးနောက်ပိုင်း (After Clearance) ကိစ္စရပ်များအား သမားရိုးကျနည်းလမ်း (Manual Process) ဖြင့် ပေါင်းစပ်ဆောင်ရွက်ခြင်း**

၂၂။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သည် တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား သက်ဆိုင်ရာဆိပ်ကမ်း၊ ကုန်လှောင်ရုံများမှ လွယ်ကူလျင်မြန်စွာ ရှင်းလင်းထုတ်ယူ၊ တင်ပို့နိုင်ရေးအတွက် အဓိကလုပ်ဆောင်ပေးသော စနစ်ဖြစ်သည်။ ကုန်ပစ္စည်းများအား သက်ဆိုင်ရာဆိပ်ကမ်း၊ ကုန်လှောင်ရုံများမှ ရှင်းလင်းထုတ်ယူပြီး နောက်ပိုင်း လုပ်ငန်းစဉ် (ဥပမာ၊ လျော့နည်းခွန် (Short duty) ပြန်လည်ကောက်ခံခြင်း၊ ပြန်လည်ပေးအမ်းခြင်း (Refund) စသည်) တို့ကိုသမားရိုးကျနည်းလမ်း (Manual Process) ဖြင့် ပေါင်းစပ်၍ ဆက်လက်ဆောင်ရွက်ရမည်။

**နှစ်ဆယ့်လေးနာရီ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း**

၂၃။ ကြေညာလွှာတင်သွင်းသူများသည် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းလုပ်ငန်းစဉ်များကို နှစ်ဆယ့်လေးနာရီ ပိတ်ရက်မရှိ တစ်နှစ်ပတ်လုံး ဆောင်ရွက်နိုင်သည်။

**အီလက်ထရောနစ်ငွေပေးချေမှုစနစ် ( e – Payment ) ကို ကျင့်သုံးခြင်း**

၂၄။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သည် -

(က) ကြေညာလွှာတင်သွင်းသူက ထည့်သွင်းပေးလိုက်သော သတင်းအချက်အလက်များဖြစ်သည့် ကုန်ပစ္စည်းအမျိုးအစား ( HS code )၊ တန်ဖိုး ( Value) နှင့် အခြားသောသတင်းအချက်အလက်များအပေါ် မူတည်၍ ကျသင့်အခွန်ငွေအရပ်ရပ်ကို အလိုအလျောက်တွက်ချက် ပြန်ကြားပေးသည်။

(ခ) ကျသင့်အခွန်အရပ်ရပ်အား ကောက်ခံခြင်းအတွက် အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ မှန်ကန်လျင်မြန်စွာ ဆောင်ရွက်နိုင်သည်။

(ဂ) သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများသည် ကျသင့်အခွန်အခများပေးချေရာတွင် ပိုမိုထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ ရုံးချိန်ပြင်ပနှင့် ရုံးပိတ်ရက်များတွင် ကြေညာလွှာများတင်သွင်းခြင်းကို ဆောင်ရွက်လိုပါကလည်းကောင်း အီလက်ထရောနစ် ကြိုတင်အပ်ငွေစာရင်း (e – Deposit Account) ကို ဖွင့်လှစ်နိုင်သည်။

**ကုန်စည်ထိန်းချုပ်မှု ( Cargo Control ) လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ခြင်း**

၂၅။ အကောက်ခွန်ဦးစီးဌာနသည် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ဖြင့် ကုန်သေတ္တာစခန်း (Container Yard)၊ ကုန်သေတ္တာအတွင်းသို့ ကုန်စည်များထည့်သွင်း၊ ထုတ်ယူသည့်နေရာ (Container Freight Station) နှင့် ကုန်လှောင်ရုံ (Warehouse) များအတွင်းသို့ ရောက်ရှိ၊ ထုတ်ယူသည့် ကုန်စည်များ၏ ရွှေ့ပြောင်းသယ်ယူမှုဆိုင်ရာ သတင်းအချက်အလက်များကို ကြီးကြပ်ထိန်းချုပ်နိုင်သည်။

**အကောက်ခွန်စစ်ဆေးခြင်းနှင့် သတင်းအချက်အလက်များ မှတ်တမ်းတင်နိုင်ခြင်း၊ ပြန်လည်မှီငြမ်းသုံးစွဲနိုင်ခြင်း**

၂၆။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို အသုံးပြု၍-

(က) ကြေညာလွှာပါအချက်အလက်များ၊ ပူးတွဲဖိုင်များ၊ မူရင်းစာရွက်စာတမ်းများစစ်ဆေးခြင်းနှင့် ကုန်ပစ္စည်းများဖွင့်ဖောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီးနောက် စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာတာဝန်ကျ အကောက်ခွန်အရာရှိက ပြည့်စုံမှန်ကန်စွာ ရေးသွင်းမှတ်တမ်းတင်နိုင်သည်။

(ခ) သတ်မှတ်ထားသော လုပ်ပိုင်ခွင့်အဆင့်အတန်းအလိုက် ဝင်ရောက်ကြည့်ရှုခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းများကို ပြုလုပ်နိုင်သည်။

(ဂ) အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစာရင်းဇယားများ (International Merchandize Trade Statistic – IMTS) ကို တိကျမှန်ကန်စွာ စာရင်းကောက်ယူနိုင်သည်။

**မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်၏ လုပ်ငန်းဆောင်ရွက်နိုင်မှု**

၂၇။ မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်ကို အသုံးပြု၍-

(က) သွင်းကုန်ကြေညာလွှာတင်သွင်းခြင်း၊ ထုတ်ကုန်ကြေညာလွှာတင်သွင်းခြင်း၊ ဖြတ်သန်းကုန်စည် ကြေညာလွှာတင်သွင်းခြင်းဆိုင်ရာ သတင်းအချက်အလက်များ၊ သွင်းကုန်၊ ထုတ်ကုန် လုပ်ငန်းရှင်များနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများ၏ ကိုယ်ရေးအချက်အလက်များ၊ လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ပေးပို့လာသော သတင်းအချက်အလက်များ (ဥပမာ - အမည်ပျက်စာရင်း) ကို စုစည်းမှတ်တမ်းတင်နိုင်သည်။

(ခ) အကောက်ခွန်စည်းကြပ်အရာရှိများနှင့် စစ်ဆေးရေးအရာရှိများသည် တင်သွင်းသူ သို့မဟုတ် တင်ပို့သူများ၏ လုပ်ငန်းဆောင်ရွက်မှု အကျဉ်းချုပ်မှတ်တမ်း (Importer & Exporter Summary Record) ကိုအသုံးပြု၍ သုံးသပ်အကဲဖြတ် ဆောင်ရွက်နိုင်သည်။

(ဂ) အထူးစောင့်ကြည့်ရမည့် အရေးကြီးသတင်းအချက်အလက်များကို အခြေခံ၍ ကုန်စည်များ၊ တင်သွင်းသူ သို့မဟုတ် တင်ပို့သူများအပေါ်တွင် အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲနိုင်ခြင်းကြောင့် အရေးပေါ်အခြေအနေများကို ထိန်းချုပ်ဆောင်ရွက်နိုင်သည်။

(ဃ) အခွင့်ရစီးပွားရေးလုပ်ငန်းရှင် (Authorized Economic Operator - AEO) များအတွက် အခွင့်အရေးပေးခြင်းလုပ်ငန်းစဉ်များကိုလည်း စီမံခန့်ခွဲနိုင်သည်။

(င) နောင်းစာရင်းစစ်ဆေးခြင်း (Post Clearance Audit – PCA) လုပ်ငန်း အတွက် လိုအပ်သည့် သတင်းအချက်အလက်များ ရယူနိုင်သည်။

အကောက်ခွန်လုပ်ငန်းဆိုင်ရာဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်(Customs Risk Management System) ကို ဆောင်ရွက်နိုင်ခြင်း

၂၈။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးနှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့အတွင်း ကြိုတင်သတ်မှတ်ထည့်သွင်းထားသော စံသတ်မှတ်ချက် (Selectivity Criteria) ကိုအခြေခံ၍ အောက်ပါအတိုင်း ကုန်ပစ္စည်းစစ်ဆေးမှုလမ်းသွယ်များ ခွဲခြားပေးခြင်းဖြင့် အကောက်ခွန်လုပ်ငန်းဆိုင်ရာဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Customs Risk Management) ကို ပြုလုပ်နိုင်သည် -

(က) Selectivity (1) သည် အစိမ်းရောင်လမ်းသွယ် (Green Channel) ဖြစ်ပြီး အကောက်ခွန်စစ်ဆေးမှု ခံယူရန်မလိုဘဲ လျှင်မြန်စွာထုတ်ယူခွင့်ပြုမည်။

(ခ) Selectivity (2) သည် အဝါရောင်လမ်းသွယ် (Yellow Channel) ဖြစ်ပြီး သက်ဆိုင်ရာတာဝန်ကျ အကောက်ခွန်အရာရှိ၏ စာရွက်စာတမ်းစစ်ဆေးမှု (Document Examination) ကို ခံယူရမည်။

(ဂ) Selectivity (3) သည် အနီရောင်လမ်းသွယ် (Red Channel) ဖြစ်ပြီး သက်ဆိုင်ရာတာဝန်ကျ အကောက်ခွန်အရာရှိ၏ စာရွက်စာတမ်းစစ်ဆေးမှု (Document Examination) နှင့် မျက်မြင်စစ်ဆေးမှု (Physical Examination) နှစ်ရပ်စလုံးကို ခံယူရမည်။

၂၉။ သတင်းအရဖြစ်စေ၊ လုပ်ငန်းလိုအပ်ချက်အရဖြစ်စေ Selectivity အားလုံးကို ရွေးနှုတ်စစ်ဆေးခြင်း၊ ထပ်မံစစ်ဆေးခြင်းများ ပြုလုပ်ရန်လိုအပ်ပါက သက်ဆိုင်ရာဌာနခွဲအကြီးအကဲများ၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးနိုင်သည်။

## အခန်း (၄)

## အကောက်ခွန်ဦးစီးဌာနမှသုံးစွဲသူ (Customs User) ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

**အကောက်ခွန်ဦးစီးဌာနမှသုံးစွဲသူ (Customs User) များ၏ အလေးထားစစ်ဆေးရန်နည်းလမ်း**

၃၀။ အဝါရောင်လမ်းသွယ် သို့မဟုတ် အနီရောင်လမ်းသွယ်ဖြင့် ဝင်ရောက်လာသော အကောက်ခွန်ကြေညာလွှာများကို စစ်ဆေးရန်တာဝန်ရှိသော အကောက်ခွန်ဦးစီးဌာနမှ သုံးစွဲသူ (Customs User) သည် ပထမဦးစွာ အဝါရောင်လမ်းသွယ်၊ အနီရောင်လမ်းသွယ်သို့ ဝင်ရောက်လာရသည့် အကြောင်းရင်းကိုရှာဖွေသုံးသပ်၍ ယင်းကို အလေးထားစစ်ဆေးရန် တာဝန်ရှိသည်။ ထို့သို့ စစ်ဆေးပြီးမှသာ ပုံမှန်မိမိစိစစ်လိုသော သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရ ထပ်မံစိစစ်ရန် လိုအပ်သော အခြားအချက်အလက်များကို ဆက်လက်စစ်ဆေးရမည်။ ထိုသို့စစ်ဆေးရာတွင် ကြေညာလွှာတင်သွင်းသူက ကြေညာလွှာနှင့်အတူ တင်သွင်းလိုက်သော အီလက်ထရောနစ်ပိုင် အထောက်အထားများကို ဦးစားပေး၍ ဖွင့်လှစ်စစ်ဆေးရမည်။ ကြေညာလွှာတင်သွင်းသူက ပူးတွဲတင်သွင်းလိုက်သော အီလက်ထရောနစ်ဖိုင်ပါ အချက်အလက်များ ပြည့်စုံမှုမရှိခြင်း၊ ကွဲလွဲမှားယွင်းချက်များ၊ သံသယဖြစ်ဖွယ် အချက်အလက်များတွေ့ရှိခြင်းနှင့် အချက်အလက်ခိုင်မာမှုအတွက် အသေးစိတ်ဆက်လက်စစ်ဆေးရန် လိုအပ်သောအခြေအနေများတွင် မူရင်းအထောက်အထားများနှင့် ထပ်မံစစ်ဆေးလိုသော အထောက်အထားများကို လာရောက်တင်ပြအစစ်ဆေးခံရန် ကြေညာလွှာတင်သွင်းသူ သို့မဟုတ် သက်ဆိုင်သူများထံသို့ တောင်းဆိုစစ်ဆေးနိုင်သည်။

၃၁။ အထက်ပါလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် Clearance, Cargo, IT, Payment, User Registration, MCIS ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား နေရာတကျထည့်သွင်းခြင်း (Setting) များကို ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်ဇယား (Master Table) များကို ပြုစုထားရမည်။

**စာရွက်စာတမ်းစစ်ဆေးခြင်း (Document Examination)**

၃၂။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်တွင် စာရွက်စာတမ်းစစ်ဆေးမှုပြုလုပ်ရန်တာဝန်ရှိသော အကောက်ခွန်ဦးစီးဌာနမှသုံးစွဲသူ (Customs User) များသည် ခိုင်လုံသောအကြောင်းပြချက်မရှိပါက မိမိအားစစ်ဆေးရန် တာဝန်ပေးအပ်လိုက်သော ကြေညာလွှာများကို လက်ခံရရှိပြီးချိန်မှစ၍ အမြန်ဆုံးပြီးစီးအောင် စစ်ဆေးပေးရမည်။

**စာရွက်စာတမ်းစစ်ဆေးမှု (Document Examination) ပြုလုပ်ရာတွင် သတင်းအချက်အလက်မပြည့်စုံမှုအတွက် ပြန်လည်တောင်းခံစစ်ဆေးခြင်း**

၃၃။ အကောက်ခွန်ဦးစီးဌာနမှ သုံးစွဲသူ (Customs User) များသည် -

(က) တင်သွင်းသူ၊ တင်ပို့သူ သို့မဟုတ် ကိုယ်စားလှယ်ထံမှ မူရင်းအထောက်အထားများနှင့် အခြားသောအချက်အလက်များကို လိုအပ်ပါက တောင်းခံနိုင်သည်။

(ခ) တောင်းခံထားသော စာရွက်စာတမ်းမပြည့်စုံပါက တင်သွင်းသူ၊ တင်ပို့သူ သို့မဟုတ် ကိုယ်စားလှယ်ထံ ထပ်မံအကြောင်းကြား တောင်းခံနိုင်သည်။

(ဂ) တောင်းခံထားသော စာရွက်စာတမ်းပြည့်စုံစွာတင်ပြပါက အမြန်ဆုံးပြီးစီးအောင် စစ်ဆေးရမည်။

**မျက်မြင်စစ်ဆေးခြင်း(Physical Examination)**

၃၄။ မျက်မြင်စစ်ဆေးမှုပြုလုပ်ရန်တာဝန်ရှိသော အကောက်ခွန်ဦးစီးဌာနမှ သုံးစွဲသူ (Customs User) များသည် အနီရောင်လမ်းသွယ်သို့ ဝင်ရောက်လာသော ကြေညာလွှာပါ ပစ္စည်းများကို ခိုင်လုံသောအကြောင်းပြချက်မရှိပါက အမြန်ဆုံးပြီးစီးအောင် စစ်ဆေးပေးရမည်။

**မျက်မြင်စစ်ဆေးမှု (Physical Examination) ပြုလုပ်ရာတွင် သတင်းအချက်အလက်မပြည့်စုံမှုအတွက် ပြန်လည်တောင်းခံစစ်ဆေးခြင်း**

၃၅။ အကောက်ခွန်ဦးစီးဌာနမှသုံးစွဲသူ (Customs User) များသည် -

(က) တင်သွင်းသူ၊ တင်ပို့သူ သို့မဟုတ် ကိုယ်စားလှယ်ထံမှ မူရင်းအထောက်အထားများနှင့် အခြားသောအချက်အလက်များကို လိုအပ်ပါက တောင်းခံနိုင်သည်။

(ခ) တောင်းခံထားသော စာရွက်စာတမ်းမပြည့်စုံပါက တင်သွင်းသူ၊ တင်ပို့သူ သို့မဟုတ် ကိုယ်စားလှယ်ထံ ထပ်မံအကြောင်းကြား တောင်းခံနိုင်သည်။

(ဂ) တောင်းခံထားသော စာရွက်စာတမ်းပြည့်စုံစွာတင်ပြပါက စစ်ဆေးမှုပြုလုပ်နိုင်ရန် အသင့်အနေအထားဖြစ်ချိန်မှစ၍ အမြန်ဆုံးပြီးစီးအောင် စစ်ဆေးပေးရမည်။

**ဌာနဆိုင်ရာ မူရင်းအထောက်အထားများတောင်းခံစစ်ဆေးခြင်း**

၃၆။ အကောက်ခွန်ဦးစီးဌာနမှသုံးစွဲသူ (Customs User) များသည် ထူးခြားသော အခြေအနေတစ်ရပ်ရပ်တွင် အထောက်အထားထုတ်ပေးသည့် သက်ဆိုင်ရာဌာန (Issuing

Agency) ၏ လိုအပ်ချက်၊ တောင်းဆိုချက်အရ မူရင်းအထောက်အထား (Original Documents) များကို ကျေနပ်ယုံကြည်စိတ်ချရသည့်အထိ မျက်မြင်ခေါ်ယူစစ်ဆေးနိုင်သည်။

**ကုန်ပစ္စည်းများထုတ်ယူ၊ တင်ဆောင်ခွင့်ပြုပြီးနောက်ပိုင်း ကြေညာလွှာပါ အချက်အလက်များအား ပြင်ဆင်ခြင်း**

၃၇။ သွင်းကုန်ဆိုင်ရာ အကောက်ခွန်စစ်ဆေးမှုပြီးစီးကြောင်း သက်သေခံလက်မှတ်နှင့် ထုတ်ကုန်ဆိုင်ရာ အကောက်ခွန်စစ်ဆေးမှုပြီးစီးကြောင်း သက်သေခံလက်မှတ်များရရှိပြီး နောက်ပိုင်းကြေညာလွှာပါအချက်အလက်များကို ပြင်ဆင်လိုပါက သက်ဆိုင်ရာ အကောက်ခွန်ရုံး သို့မဟုတ် ဌာနခွဲ၏အဆင့်အမြင့်ဆုံးအရာထမ်း သို့မဟုတ် ယင်းက သီးခြားတာဝန်ပေးအပ်ထားသော အရာထမ်းကသာ ပြင်ဆင်ရမည်။

**စစ်ဆေးတွေ့ရှိချက်များအား စနစ်တကျ မှတ်တမ်းရေးသွင်းခြင်း**

၃၈။ စာရွက်စာတမ်းစစ်ဆေးမှုနှင့် မျက်မြင်စစ်ဆေးမှုအတွက် တာဝန်ရှိအကောက်ခွန်ဦးစီးဌာနမှသုံးစွဲသူ (Customs User) များသည် မိမိတို့စစ်ဆေးဆောင်ရွက်ခဲ့သော အကောက်ခွန်ကြေညာလွှာပါအချက်အလက်များ၊ ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့် စစ်ဆေးတွေ့ရှိချက်များကို မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အတွင်း ပြည့်စုံစွာ မှတ်တမ်းရေးသွင်းရမည်။

**မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့ တည်တံ့မှုအတွက် ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိခြင်း**

၃၉။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့ကိုအသုံးပြု၍ တာဝန်ထမ်းဆောင်နေကြသော အကောက်ခွန်ဦးစီးဌာနမှ သုံးစွဲသူ (Customs User) များအားလုံးသည် ယင်းစနစ်တို့နှင့်သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ၊ ကိုင်တွယ်အသုံးပြုနေသော အီလက်ထရောနစ်ပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ယင်းစနစ်တို့ကို မှန်ကန်မြန်ဆန်စွာလည်ပတ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ ပံ့ပိုးကူညီရန်၊ စီမံခန့်ခွဲရန် အပြည့်အဝတာဝန်ရှိသည်။

**လျှို့ဝှက်ချက်များမပေါက်ကြားစေရေး ထိန်းသိမ်းရန်တာဝန်ရှိခြင်း**

၄၀။ အကောက်ခွန်ဦးစီးဌာနမှ သုံးစွဲသူ (Customs User) များအားလုံးသည် ဤလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းလိုက်နာရမည်။

**မိမိနှင့်မသက်ဆိုင်သော လုပ်ငန်းများကို ခွင့်ပြုချက်မရဘဲ ဝင်ရောက်ဆောင်ရွက်ခြင်းမပြုရန်တားမြစ်ခြင်း**

၄၁။ အကောက်ခွန်ဦးစီးဌာနမှ သုံးစွဲသူ (Customs User) များသည် မိမိအားတာဝန်ချထားပေးခြင်းမရှိသော ကြေညာလွှာများ၊ အမှုတွဲဖိုင် (Case File) များ၊ အခြားဝန်ထမ်းများအတွက် တာဝန်ချထားပေးသော ကြေညာလွှာများ၊ အမှုတွဲဖိုင် (Case File) များနှင့် မိမိနှင့်မသက်ဆိုင်သော ကြေညာလွှာများ၊ အမှုတွဲဖိုင် (Case File) များကို အထက်အရာရှိ၏အထူးတာဝန်ပေးအပ်ထားခြင်းမရှိဘဲ ဝင်ရောက်ကြည့်ရှုခြင်း၊ ကိုင်တွယ်ဆုံးဖြတ်ဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၅)

## ပုဂ္ဂလိကသုံးစွဲသူ (Private User) များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

**ပုဂ္ဂလိကသုံးစွဲသူ(Private User) များထဲမှအကောက်ခွန်ကြေညာလွှာတင်သွင်းခွင့်ရှိသူ အဖြစ် သတ်မှတ်ခြင်း**

၄၂။ အောက်ပါအတိုင်းသတ်မှတ်ဆောင်ရွက်သွားမည်-

(က) အကောက်ခွန်ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီသူကိုသာ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အသုံးပြု၍ အကောက်ခွန်ကြေညာလွှာ တင်သွင်းခွင့်ရှိသူအဖြစ် သတ်မှတ်မည်။

(ခ) အကောက်ခွန်ကြေညာလွှာတင်သွင်းခွင့်ရှိသူအဖြစ် သတ်မှတ်ခံရသူသည် အကောက်ခွန်ဦးစီးဌာနတွင် အသုံးပြုသူမှတ်ပုံတင်ခြင်း(User Registration) ပြုလုပ်ရမည်။

(ဂ) အကောက်ခွန်ကြေညာလွှာတင်သွင်းခွင့်ရှိသူသည် အကောက်ခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ခုခုကို ချိုးဖောက်ခဲ့ပါက လုပ်ငန်းဆောင်ရွက်ခွင့်ကို ယာယီ သို့မဟုတ် အပြီးပိတ်သိမ်းခြင်းခံရမည်။

**မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အတွက် အသုံးပြုရမည့် ကွန်ပျူတာ အရည်အသွေး သတ်မှတ်ချက်**

၄၃။ အထက်ဖော်ပြပါ အကောက်ခွန်ကြေညာလွှာတင်သွင်းခွင့်ရှိသူများအပါအဝင် မြန်မာ အလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်တွင် ဝင်ရောက်အသုံးပြုသူများအားလုံးသည် အကောက်ခွန်ဦးစီးဌာန၊ ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့်ထိန်းချုပ်ရေးဌာနခွဲမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက် (Specification) နှင့်ကိုက်ညီသည့် ကွန်ပျူတာ များကို သုံးစွဲရမည်။

**မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို သုံးစွဲနိုင်ရေး လိုအပ်ချက်များ ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ခြင်း**

၄၄။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အား အသုံးပြုမည့်လုပ်ငန်းဆောင် ရွက်သူများသည် လိုအပ်သောကြိုတင်ပြင်ဆင်မှုများ၊ အင်တာနက်ကွန်ရက်နှင့် အခြေခံ အဆောက်အဦ(Infrastructure) များကို မိမိအစီအစဉ်ဖြင့် ပြည့်စုံစွာ ကြိုတင်ပြင်ဆင်ရ မည်။

**မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အတွက် အသုံးပြုမည့် စာလုံးပုံစံ (Font) သတ်မှတ်ချက်**

၄၅။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ဖြင့် အသုံးပြုမည့်ကွန်ပျူတာတွင် အင်္ဂလိပ်စာနှင့် မြန်မာစာအတွက် Pyidaungsu font (သို့မဟုတ်) အကောက်ခွန်ဦးစီးဌာနမှ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် font ကို အသုံးပြုရမည်။

**အသုံးပြုသူမှတ်ပုံတင်ခြင်းကို ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ခြင်း**

၄၆။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်တွင် ဝင်ရောက်အသုံးပြုမည့်သူများဖြစ်သည့် တင်သွင်းသူ သို့မဟုတ် တင်ပို့သူများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၊ အခြားအစိုးရဌာနဆိုင်ရာများ၊ သင်္ဘောလိုင်းများ၊ လေကြောင်းလိုင်းများ၊ ဆိပ်ကမ်းများ၊ ကုန်လှောင်ရုံများ၊ ကုန်သေတ္တာစခန်းများနှင့် အခြားသောကုန်သွယ်မှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများသည် အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသော အသုံးပြုသူအဆင့်အတန်း (User Class) အလိုက် မှတ်ပုံတင်ခြင်းလုပ်ငန်းကို မပျက်မကွက် ဆောင်ရွက်ရမည်။

**သတ်မှတ်ထားသောဆော့ဖ်ဝဲ (Terminal Software) ကို အသုံးပြုရန် လိုအပ်ခြင်း**

၄၇။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို အသုံးပြုမည့် တင်သွင်းသူ သို့မဟုတ် တင်ပို့သူများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၊ အခြားအစိုးရဌာနဆိုင်ရာများ၊ သင်္ဘောလိုင်းများ၊ လေကြောင်းလိုင်းများ၊ ဆိပ်ကမ်းများ၊ ကုန်လှောင်ရုံများသည် အင်တာနက်မှတစ်ဆင့် ချိတ်ဆက်အသုံးပြုရမည်ဖြစ်ပြီး၊ မိမိတို့၏လုပ်ငန်းသုံးကွန်ပျူတာများတွင် သတ်မှတ်ထားသော ဆော့ဖ်ဝဲကိုထည့်သွင်း၍ အသုံးပြုရမည်။

**သမားရိုးကျ ( Manual ) နည်းလမ်းဖြင့် ကြေညာလွှာတင်သွင်းခြင်းအတွက် အကောက်ခွန် ၏ ကြိုတင်ခွင့်ပြုချက် လိုအပ်ခြင်း**

၄၈။ တင်သွင်းသူ သို့မဟုတ် တင်ပို့သူများနှင့် ကိုယ်စားလှယ်များသည် အကောက်ခွန်ကြေညာလွှာတင်သွင်းခြင်း လုပ်ငန်းစဉ်များကို အီလက်ထရောနစ်နည်းလမ်းဖြင့် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သို့သာ တင်သွင်းရမည်။ အကောက်ခွန်ဦးစီးဌာနမှ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ဖြင့် လက်ခံဆောင်ရွက်ပေးခြင်း မပြုနိုင်ကြောင်း ကြိုတင်ကြေညာထားသောလုပ်ငန်းစဉ်များ နှင့် မူလကယင်းစနစ်ဖြင့် လက်ခံဆောင်ရွက်ပေးခဲ့သော်လည်း အခက်အခဲအကြောင်းအမျိုးမျိုးကြောင့် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ဖြင့် ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့သည့်

အခြေအနေတစ်ရပ်ရပ်တွင် သက်ဆိုင်ရာအကောက်ခွန်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် Manual နည်းလမ်းသို့ ပြောင်းလဲဆောင်ရွက်နိုင်သည်။

**ကြေညာလွှာနှင့်အတူတင်သွင်းရမည့်အထောက်အထားများကို အီလက်ထရောနစ်နည်းလမ်းဖြင့် ပူးတွဲတင်သွင်းရန် တာဝန်ရှိခြင်း**

၄၉။ ကြေညာလွှာတင်သွင်းသူများသည် -

(က) သက်ဆိုင်ရာ ကြေညာလွှာအမျိုးအစားအလိုက် ပူးတွဲတင်သွင်းရမည့် စာရွက်စာတမ်းအထောက်အထားများကို အီလက်ထရောနစ်နည်းလမ်းဖြင့် မပျက်မကွက် ပူးတွဲတင်သွင်းရမည်။

**ရှင်းလင်းချက်။** ပူးတွဲတင်သွင်းရမည့် အထောက်အထားများဆိုရာတွင် ကုန်တန်ဖိုးစာရင်း (Invoice)၊ ကုန်ထုပ်ပိုးစာရင်း (Packing list)၊ ရေကြောင်းကုန်တင်တန်ဆာ (Bill of Lading)၊ လေကြောင်းကုန်တင် တန်ဆာ (Airway Bill) ၊ ကုန်းကြောင်းကုန်တင်တန်ဆာ ၊ သွင်းကုန်၊ ထုတ်ကုန်ဆိုင်ရာခွင့်ပြုချက် (Import & Export License or Permit)၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် အခြားသောဌာနဆိုင်ရာအသီးသီးမှ ခွင့်ပြုချက်များ၊ ထောက်ခံချက်များ၊ အခွန်ကင်းလွတ်ခွင့်များနှင့် လျှော့ပေါ့ခွင့်များခံစားနိုင်ရန်အတွက် လိုအပ်သည့် အထောက်အထားများအပါအဝင် အခြားသောဆက်စပ်အထောက်အထားများကို ဆိုသည်။

(ခ) အကောက်ခွန်အရာရှိက လုပ်ငန်းလိုအပ်ချက်အရ မျက်မြင်စစ်ဆေးရန် ထပ်မံတောင်းခံသော မူရင်းအထောက်အထားများ၊ အခြားသောဆက်စပ်အထောက်အထားများကိုလည်း နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ တင်ပြရမည်။

**မိမိကြေညာတင်သွင်းသော အချက်အလက်များအပေါ် တာဝန်ခံခြင်း**

၅၀။ ကြေညာလွှာတင်သွင်းသူသည် -

(က) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို အသုံးပြု၍ အကောက်ခွန်ကြေညာလွှာတင်သွင်းရာတွင် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း (Classification)၊ ကုန်ပစ္စည်းတန်ဖိုးကြေညာခြင်း (Value Declaration)၊ စည်းကြပ်တွက်ချက်မှု (Assessment) တို့ကို ကြေညာလွှာတင်သွင်းသူကိုယ်တိုင်စည်းကြပ်ဆောင်ရွက်မှု (Self – Assessment) ဖြင့် ဆောင်ရွက်ရမည်။

(ခ) အပိုဒ်ခွဲ (က) အရ ဆောင်ရွက်ရာတွင် အကောက်ခွန်အရာရှိ၏ ပြင်ဆင်သတ်မှတ်အကြံပြုချက်အတိုင်း အမှန်ပြန်လည်ပြင်ဆင်ပေးခြင်း အပါအဝင် မိမိကြေညာလွှာတင်သွင်းလိုက်သော အချက်အလက်နှင့် အထောက်အထားများ၏ ပြည့်စုံမှန်ကန်တိကျမှုအတွက် တာဝန်ယူရမည်။

(ဂ) အကောက်ခွန်အရာရှိ၏ အကြံပြုချက်ကို လက်ခံခြင်းမရှိပါက အကောက်ခွန်ဦးစီးဌာန၏စည်းကြပ်မှု (Official – Assessment) သို့ ပြောင်းလဲဆောင်ရွက်မှုကို လိုက်နာရမည်။

(ဃ) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ တန်ဖိုးသတ်မှတ်ရေးသဘောတူညီချက် (WTO Valuation Agreement) ပါစည်းမျဉ်းများနှင့်အညီ ကုန်ပစ္စည်းအတွက် အမှန်တကယ်ပေးချေခဲ့ရသော သို့မဟုတ် အမှန်တကယ်ပေးချေရန်ရှိသော တန်ဖိုး (Price Actually Paid or Payable – PAPP) အတိုင်း ကြေညာလွှာတင်သွင်းရမည်။

(င) အတည်ပြုတင်သွင်းချိန်မှစ၍ မိမိတင်သွင်းလိုက်သောကြေညာလွှာပါ သတင်းအချက်အလက်များကို ပြည့်စုံမှန်ကန်ကြောင်း တာဝန်ခံရမည်။ အတည်ပြုတင်သွင်းပြီးနောက်ပိုင်းတွင် မိမိတင်သွင်းထားသော သတင်းအချက်အလက်နှင့် အီလက်ထရောနစ်စာရွက်စာတမ်း အထောက်အထားများအား ပြန်လည်ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်ပါက သက်ဆိုင်ရာအကောက်ခွန်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်ကို ရယူပြီးမှ ပြင်ဆင်ဖြည့်စွက်ရမည်။

**ရှင်းလင်းချက်။** အကောက်ခွန်ကြေညာလွှာတင်သွင်းမှု(IDC,EDC, TDC) ကို မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်က လက်ခံစာရင်းသွင်းပြီးချိန်မှစ၍ အတည်ပြုတင်သွင်းချိန်ဖြစ်သည်ဟုသတ်မှတ်မည်။

**လျှောက်လွှာ ( Application ) ကြိုတင်တင်သွင်းရမည့် ကိစ္စရပ်များ**

၅၁။ ကြေညာလွှာတင်သွင်းသူသည် ပုံမှန်တင်သွင်း၊ တင်ပို့လုပ်ငန်းစဉ်မဟုတ်သည့် ထူးခြားသော လုပ်ငန်းစဉ်များ (ဥပမာ - Bonded Transportation, Direct Delivery စသည့် လုပ်ငန်းစဉ်များ) ဆောင်ရွက်ရန် အကောက်ခွန်ဦးစီးဌာနသို့ ကြိုတင်လျှောက်ထားခွင့်ပြုချက်ရယူရမည်။ အဆိုပါ ကြိုတင်လျှောက်ထားခွင့်ပြုချက်ရယူရမည့်လုပ်ငန်းစဉ်များကို ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲမှ အခါအားလျော်စွာ အမိန့်ထုတ်ပြန်သတ်မှတ်ပေးရမည်။

**သတင်းအချက်အလက်များပြင်ဆင်ခွင့်တောင်းခံခြင်းနှင့်ခွင့်ပြုခြင်း**

၅၂။ အသုံးပြုသူသည် -

(က) မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အတွင်း ထည့်သွင်းထားသော ကိုယ်ရေးအချက်အလက်နှင့် လုပ်ငန်းဆိုင်ရာသတင်းအချက်အလက်မှတ်တမ်းများ အပြောင်းအလဲရှိပါက အမြန်ဆုံးအသိပေး ပြင်ဆင်ရမည်။

(ခ) ယင်းစနစ်အတွင်းရှိနေပြီးဖြစ်သော ကိုယ်ရေးအချက်အလက်နှင့် လုပ်ငန်းဆိုင်ရာသတင်းအချက်အလက်များသည် မပြည့်စုံခြင်း သို့မဟုတ် မှားယွင်းခြင်းရှိပါက ပြန်လည်ပြင်ဆင်ဖြည့်စွက်ပေးရန် အကောက်ခွန်ဦးစီးဌာနသို့ တောင်းဆိုနိုင်သည်။

**မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ဝန်ဆောင်ခ (MACCS Fees) ပေးသွင်းရန်တာဝန်ရှိခြင်း**

၅၃။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို အသုံးပြု၍ အကောက်ခွန်ကြေညာလွှာတင်သွင်းသူများသည် အကောက်ခွန်ဦးစီးဌာနမှ သီးခြားအမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသောကိစ္စရပ်များမှတစ်ပါး အကောက်ခွန်ကြေညာလွှာတစ်စောင်အတွက် ဝန်ဆောင်ခ (MACCS Fees) အား သတ်မှတ်နှုန်းထားအတိုင်း ပေးသွင်းရမည်။

## အခန်း(၆)

## အခြားအစိုးရဌာန (OGA) များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

**မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ်တွင် ပူးပေါင်းပါဝင်လာကြမည့် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ**

၁၄။ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်တွင် ပူးပေါင်းပါဝင်ကြရမည့် အသုံးပြုသူများတွင် အောက်ပါအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပါဝင်သည့်အပြင် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်ကို ပီပြင်စွာဖော်ဆောင်နိုင်ရေးအတွက် အခြားလိုအပ်သော အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများဖြင့် ထပ်မံတိုးချဲ့ ပူးပေါင်းဆောင်ရွက်နိုင်သည် -

(က) အကောက်ခွန်ဦးစီးဌာန (အကောက်ခွန်ဆိုင်ရာလုပ်ငန်းစဉ်များအတွက်)၊

(ခ) ကုန်သွယ်ရေးဦးစီးဌာန (သွင်းကုန်၊ ထုတ်ကုန်ဆိုင်ရာခွင့်ပြုချက်များ၊ သွင်းကုန်၊ ပို့ကုန် လုပ်ငန်းရှင်များအဖြစ် မှတ်ပုံတင်သတင်းအချက်အလက်များအတွက်)၊

(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏သင်္ဘောကိုယ်စားလှယ်ဌာန (ကုန်စည်သတင်းအချက်အလက် (Manifest Information) နှင့် ရေယာဉ်ဆိုင်ရာ သတင်းအချက်အလက် (Vessel Information)၊ ရောက်ရှိ၊ထွက်ခွာမှု သတင်းအချက်အလက် (Arrival, Departure Information) များအတွက်)၊

(ဃ) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ပြည်ပမှ တင်သွင်းလာသောအစားအသောက်နှင့်ဆေးဝါးများ ဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်း နှင့် အများပြည်သူစားသုံးသင့်ကြောင်း အတည်ပြုခြင်းအတွက် )၊

(င) စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ (ပြည်ပမှတင်သွင်းလာသောအပင်ပန်းမန်၊ သစ်သီးဝလံနှင့်မျိုးစေ့များ ရောဂါပိုးမွှားကင်းစင်မှု ရှိ၊ မရှိ စစ်ဆေးခွင့်ပြုခြင်းအတွက်)၊

(စ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ပြည်ပမှတင်သွင်းလာသော တိရိစ္ဆာန်အရှင်များ၊ တိရိစ္ဆာန်ထွက်ပစ္စည်းများ ရောဂါပိုးမွှားကင်းစင်မှု ရှိ၊ မရှိ စစ်ဆေးခွင့်ပြုခြင်းအတွက်)၊

(ဆ) ငါးလုပ်ငန်းဦးစီးဌာန (ပြည်ပမှတင်သွင်းလာသော ငါးသားပေါက်များနှင့် ငါး၊ ပုဇွန်များ၊ ရေထွက်ပစ္စည်းများ ရောဂါပိုးမွှားကင်းစင်မှု ရှိ၊ မရှိ စစ်ဆေးခွင့်ပြုခြင်းအတွက်)၊

(ဇ) မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် အခြားသောအစိုးရဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊

(ဈ) အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ (International Ports)၊ ကုန်သေတ္တာ စခန်းများ (Container Yards)၊ ကုန်လှောင်ရုံများ (Warehouses)၊ ကုန်းတွင်းဆိပ်ကမ်းများ (Dry Ports)၊ (ကုန်စည်များဆိပ်ကမ်းသို့ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်းဆိုင်ရာ သတင်းအချက်အလက်များအတွက်)၊

(ည) လေကြောင်းလိုင်းများ၊ သင်္ဘောလိုင်းများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ (ကုန်စည်သတင်းအချက်အလက် (Manifest Information) များ ထည့်သွင်းခြင်းအတွက်)၊

(ဋ) တင်သွင်းသူ သို့မဟုတ် တင်ပို့သူများ (အကောက်ခွန်ကြေညာလွှာများ တင်သွင်းခြင်း၊ အခွန်အခများပေးသွင်းခြင်းအတွက်)၊

(ဌ) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၊

(ဍ) ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ (Logistic, Freight Forwarder)၊

(ဎ) သင်္ဘောကိုယ်ပိုင်မရှိသော်လည်း သင်္ဘောလိုင်းများနည်းတူ လုပ်ငန်းဆောင်ရွက်သူ (Non - Vessel Operating Common Carrier- NVOCC) များ။

**မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် တိုးတက်အောင်မြင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိခြင်း**

၅၅။ တင်သွင်း၊ တင်ပို့လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသော ဌာနဆိုင်ရာနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများသည် အီလက်ထရောနစ်အကောက်ခွန်လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထုတ်ကုန်၊သွင်းကုန်ဆိုင်ရာသတင်းအချက်အလက်များအား အကောက်ခွန်ဦးစီးဌာနနှင့် အပြန်အလှန်ပေးပို့ဖလှယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။

**ကုန်သွယ်ရေးဦးစီးဌာနသည် ပို့ကုန်၊ သွင်းကုန်ခွင့်ပြုချက်ဆိုင်ရာ သတင်းအချက်အလက်များအား မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သို့ ထည့်သွင်းပေးရန် တာဝန်ရှိခြင်း**

၅၆။ ပို့ကုန်၊ သွင်းကုန်များအတွက် ခွင့်ပြုချက်ထုတ်ပေးရန် တာဝန်ရှိသော ကုန်သွယ်ရေးဦးစီးဌာနသည် အီလက်ထရောနစ် ခွင့်ပြုချက်သတင်းအချက်အလက်များ (e - License

information, permit) နှင့် အခြားနည်းလမ်းဖြင့် ထုတ်ပေးထားသော ခွင့်ပြုချက်သတင်းအချက်အလက်များ (Manual License Information, permit) တို့ကို မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အတွင်းသို့ အီလက်ထရောနစ် အချက်အလက်အပြန်အလှန်ပို့ဆောင်သည့်စနစ် (Electronic Data Interchange - EDI) ဖြင့် ထည့်သွင်းပေးရမည်။ တင်သွင်းသူ သို့မဟုတ် တင်ပို့သူများ၊ ကိုယ်စားလှယ်များနှင့် အကောက်ခွန်ဦးစီးဌာနတို့သည် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် အတွင်းသို့ ရောက်ရှိလာသော ခွင့်ပြုချက်ဆိုင်ရာသတင်းအချက်အလက်များကိုပြန်လည်အသုံးပြု၍ အကောက်ခွန်ကြေညာလွှာများတင်သွင်းခြင်း၊ စစ်ဆေးခြင်းနှင့် ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ကုန်သွယ်ရေးဦးစီးဌာနသည် နေ့စဉ်ထုတ်ပြန်ပေးသော ပို့ကုန်၊ သွင်းကုန် ခွင့်ပြုချက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် ပြင်ဆင်ခွင့်ပြုချက်များကို ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်များနှင့်အညီ ယင်းစနစ်အတွင်းသို့ ထည့်သွင်းပေးရမည်။

**တင်သွင်းသူ သို့မဟုတ် တင်ပို့သူများဆိုင်ရာသတင်းအချက်အလက်များအား မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ်အတွက် ပံ့ပိုးပေးရန်တာဝန်ရှိခြင်း**

၅၇။ (က) ကုန်သွယ်ရေးဦးစီးဌာနသည် တင်သွင်းသူ သို့မဟုတ် တင်ပို့သူများနှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များကို သင့်လျော်သည့် အီလက်ထရေနစ်နည်းလမ်း (ဥပမာ - Email) ဖြင့် ပေးပို့ရမည်။

(ခ) အကောက်ခွန်ဦးစီးဌာနသည် အပိုဒ်ခွဲ (က) ပါ သတင်းအချက်အလက်အပေါ်မူတည်၍ ယင်းစနစ်အသုံးပြုသူအဖြစ် မှတ်ပုံတင်ခြင်း၊ တင်သွင်းသူ၊ တင်ပို့သူကုဒ်နံပါတ် (Importer & Exporter Code) များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

**ရေယာဉ်၊ ကုန်စည်ဆိုင်ရာသတင်းအချက်အလက်များအား မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သို့ ထည့်သွင်းပေးရန် တာဝန်ရှိခြင်း**

၅၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လက်အောက်ရှိ သင်္ဘောကိုယ်စားလှယ်လုပ်ငန်းဌာန (Shipping Agency Department – SAD) နှင့် သင်္ဘောလိုင်းများ၊ လေကြောင်းလိုင်းများသည် တင်သွင်း၊ တင်ပို့ကုန်စည်သတင်းအချက်အလက် (Manifest Information) များ၊ ရေယာဉ်ဆိုင်ရာ သတင်းအချက်အလက် (Vessel Information) များနှင့် အခါအားလျော်စွာ ပြင်ဆင်ချက်များ၊ ကုန်းလမ်းဖြင့်တိုက်ရိုက်တင်သွင်းလာသော ကုန်ပစ္စည်းများ၊ ကုန်းလမ်းဖြင့်

တင်သွင်းလာပြီး ကုန်လှောင်ရုံအတွင်း ထည့်သွင်းသိုလှောင်သည့် ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့် ကုန်စည်ဆိုင်ရာသတင်းအချက်အလက်များ (Truck Note Information အပါအဝင်) နှင့် အခါအားလျော်စွာ ညှိနှိုင်းပြင်ဆင်သတ်မှတ်ထားသော သတင်းအချက်အလက်များအား သက်ဆိုင်ရာအဖွဲ့အစည်းများမှ အီလက်ထရောနစ် အချက်အလက် အပြန်အလှန်ပို့ဆောင်သည့်စနစ် (Electronic Data Interchange - EDI) ဖြင့် ထည့်သွင်းပေးရမည်။ သွင်းကုန်၊ပို့ကုန် လုပ်ငန်းရှင်များ၊ ယင်းတို့၏ ကိုယ်စားလှယ်များ၊ ဆိပ်ကမ်းများ၊ ကုန်သေတ္တာစခန်းများနှင့် အကောက်ခွန်ဦးစီးဌာနတို့သည် အဆိုပါတင်သွင်းထားသည့် ကုန်စည်သတင်းအချက်အလက်များကို ပြန်လည်အသုံးပြု၍လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

**အစားအသောက်၊ ဆေးဝါး၊ တိရစ္ဆာန်နှင့်အပင်ရောဂါပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးခြင်းဆိုင်ရာ သတင်းအချက်အလက်များကို မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်သို့ ထည့်သွင်းပေးရန် တာဝန်ရှိခြင်း**

၅၉။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့သည် ပြည်ပမှတင်သွင်းလာသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အများပြည်သူစားသုံးရန် သင့်၊ မသင့်ကို ဓါတ်ခွဲစမ်းသပ် စစ်ဆေးခြင်း၊ အပင်နှင့်အပင်ထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ ထိန်းချုပ်ဖျက်ပိုးကင်းစင်မှုနှင့် ပိုးသတ်ဆေးဓါတ်ကြွင်းသတ်မှတ်နှုန်းထားထက်ကျော်လွန်ခြင်း ရှိ၊ မရှိ ဓါတ်ခွဲစမ်းသပ် စစ်ဆေးခြင်းတို့အတွက် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်မှတစ်ဆင့် လျှောက်လွှာတင်သွင်း၍ လျှောက်ထားလာသောကိစ္စရပ်များတွင် အတည်ပြုခြင်း သို့မဟုတ် အတည်မပြုခြင်းတို့ကို မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်မှ တစ်ဆင့် ပြန်လည်ဆောင်ရွက်ပေးရမည်။

**မြန်မာ့စီးပွားရေးဘဏ်မှပူးပေါင်းဆောင်ရွက်ခြင်း**

၆၀။ အကောက်ခွန်ဦးစီးဌာနမှ ကောက်ခံရရှိသော အခွန်အခအရပ်ရပ်နှင့် အခြားရငွေများအတွက် ငွေသား၊ ချက်လက်မှတ်များ၊ ငွေပေးအမိန့်လွှာများကို မြန်မာ့စီးပွားရေးဘဏ်ရှိ အကောက်ခွန်ဦးစီးဌာန၏ ငွေစာရင်းသို့ ပေးသွင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို မြန်မာ့စီးပွားရေးဘဏ်မှ မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်ကို အသုံးပြု၍ လက်ခံဆောင်ရွက်ပေးရမည်။

## အခန်း(၇)

## အထွေထွေ

၆၁။ အကောက်ခွန်ဦးစီးဌာနသည် မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ်ကို သုံးစွဲ၍ ကုန်စည်များရှင်းလင်းထုတ်ယူမှု၊ အခွန်အခများ ပေးဆောင်မှုတို့တွင် မလိုလားအပ်သော မသမာမှုများ လျော့နည်းပပျောက်စေရေး၊ အခွန်ဘဏ္ဍာများ ဆုံးရှုံးမှုမဖြစ်စေရေးတို့အတွက် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း (Classification)၊ ကုန်ပစ္စည်းတန်ဖိုး သတ်မှတ်ခြင်း (Valuation)၊ စည်းကြပ်တွက်ချက်မှု (Assessment) တို့နှင့် စပ်လျဉ်း၍ လိုအပ်သော ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

၆၂။ ဤလုပ်ထုံးလုပ်နည်းအရ မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် အောင်မြင်စွာ ကျင့်သုံးဆောင်ရွက်နိုင်ရန် အကောက်ခွန် ညွှန်ကြားရေးမှူးချုပ်သည် တည်ဆဲအကောက်ခွန်အက်ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ပြဋ္ဌာန်းချက်များပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လိုအပ်သောညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

၆၃။ မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ်ပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အကောက်ခွန်ဦးစီးဌာန၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။ အကောက်ခွန်ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှု မရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း (၃၀ ) အတွင်း အကောက်ခွန် ညွှန်ကြားရေးမှူးချုပ်ထံသို့အယူခံနိုင်သည်။ အကောက်ခွန် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

၆၄။ ဤအမိန့်ကြော်ငြာစာပါ မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းထုတ်ယူရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ ဘဏ္ဍာ-၅/၁/၅ (၁၇၆၄ / ၂၀၁၉)

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၅ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အကောက်ခွန်ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာ
ပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။
ဤဝန်ကြီးရုံးဌာနခွဲများအားလုံး

အမိန့်အရ

( မောင်မောင်ဝင်း )
ဒုတိယဝန်ကြီး